# WA Notify ကိုယ်ရေးကိုယ်တာဆိုင်ရာ မူဝါဒ

ဤမူဝါဒသည် ကိုဗစ်-19 WA Exposure Notifications (ဒဗျူလူအေ ထိတွေ့မှု အကြောင်းကြားစာများ) အက်ပ်စ် ပေါ်တွင် သက်ရောက်ပါသည်။ ၎င်းမှာ Washington State Department of Health (ဝါရှင်တန်ပြည်နယ် ကျန်းမာရေးဌာန) ၏ အမျှော်အမြင် နှင့် ကြိုးပမ်းအားထုတ်မှုတို့ဖြင့် ရေးဆွဲထားသော ဝါရှင်တန်ပြည်နယ်အတွက် တရားဝင် ထိတွေ့မှု အကြောင်းကြားစာ နည်းပညာ ဖြစ်ပါသည်။

## ကျွန်ုပ်တို့ ဘယ်အချက်အလက်တွေကို စုဆောင်းပြီး အသုံးပြုပါသလဲ။

Google နှင့် Apple တို့၏ ရည်ရွယ်ချက်များနှင့် ချိန်ညှိရန် WA Exposure Notifications (WA Notify (ဒဗျူလူအေ အကြောင်းကြားခြင်း))ဟု သိကြသည့် သည် အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာကို အဓိက ဦးစားပေးအဖြစ်ကာကွယ်ပေးရန် ဒီဇိုင်းရေးဆွဲထားပါသည်။ WA Notify သည် သင်ဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များမပါသည့် အဆိုပါ အချက်အလက်များကို စုဆောင်းပါသည်။

**ကျပန်းကုဒ်များ**

- ကုပန်းကုဒ်များ ကို WA Notify အသုံးပြုသူများအချင်းချင်း နီးကပ်စွာ ရှိနေချိန်တွင် စမတ်ဖုန်းများကြား Bluetooth အသုံးပြုပြီး ဖလှယ်မည် ဖြစ်ပါသည်။
- ကျပန်းကုဒ်များကို သင့်စမတ်ဖုန်းကသာ ဖန်တီးခြင်း သိမ်းဆည်းခြင်းများကုိပြုလုပ်ခြင်းဖြစ်ပြီး WA Notify က မပြုလုပ်ပါ။
- WA Notify နှင့် သင့် စမတ်ဖုန်းတို့အား ကိုဗစ်-19 ထိတွေ့မှု ရှိနိုင်မှုများကို စစ်ဆေးနိုင်ရန်အတွက် ကျပန်းကုဒ်များကို အသုံးပြုပါသည်။
- ကျပန်းကုဒ်များကို အများဆုံး ရက် 14 အထိသာ သိမ်းဆည်းထားပါမည်။

**အတည်ပြုချက် လင့်ခ်**

- သင့်တွင် ကိုဗစ်-19 ရောဂါပိုး စစ်ဆေးတွေ့ရှိပြီး ကျန်းမာရေးက သင့်ကိုလာတွေ့ချိန်တွင် ၎င်းတို့က သင်သည် WA Notify ကို အသုံးပြုသလား မေးပါလိမ့်မည်။ သင်ဖြစ်ခဲ့ပါက သူတို့ WA Notify ထဲသို့ ရိုက်ထည့်ရန် အတည်ပြုချက် လင့်ခ်တစ်ခုကို ထုတ်ပေးပါလိမ့်မည်။
- သင့် အတည်ပြုချက် လင့်ခ်ပေါ်တွင် ကလစ်လုပ်လိုက်ခြင်းအားဖြင့် ကျပန်းကုဒ်များကို မျှမည်ဖြစ်ပြီး သင့်အနားတွင်ရှိချ့ဖူးသော အခြား WA Notify အသုံးပြုသူများကို မည်သူမှမသိစေဘဲ သူတိုထိတွေ့မိနိုင်ကြောင်း အကြောင်းကြားပေးသွားမည် ဖြစ်ပါသည်။
- အခြား WA Notify အသုံးပြုသူများ ကို မျှရန် အတည်ပြုချက် လင့်ခ်ပေါ်တွင် ကလစ်လုပ်မလုပ်ကို သင်ကသာ ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

**အသုံးပြု စာရင်းများ**

- အခြား အက်ပ်စ် သို့မဟုတ် အင်တာနက် ဝန်ဆောင်မှုများကဲ့သို့ပင် WA Notify သည်လည်း ဝန်ဆောင်မှုကို အသုံးပြုချိန်တွင် စာရင်းများကို အလိုအလောက် ပြုစုလိမ့်မည် ဖြစ်ပါသည်။ ၎င်း စာရင်းများထဲတွင် သင်စမတ်ဖုန်းအကြောင်း အချက်အလက်များ ပါပါလိမ့်မည်။ ၎င်းအချက်အလက်များအား WA Notify နှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဖြေရှင်းရန် အသုံးပြုပါမည်။
- ယင်းစာရင်းများတွင် ကျပန်းကုဒ်များ သို့မဟုတ် အတည်ပြုချက် လင့်ခ်များ မပါဝင်ဘဲ သင် သို့မဟုတ် သင့်စမတ်ဖုန်း ကို ပြန်လည်စစ်ဆေးနိုင်သည့် မည်သည့်ကုဒ်များနှင့်မျှ မပါသဖြင့်သင်ဖြစ်ကြောင်းပြန်ရှာ ရန် အသုံးပြုနိုင်မည် မဟုတ်ပါ။
- ၎င်းစာရင်းများကို ပြုစုပြီးေနာက် 14 ရက်အတွင်း အလိုအလျောက် ဖျက်ပစ်သွားမည် ဖြစ်ပါသည်။

**အချက်အလက် ခွဲခြားစိတ်ဖြာခြင်း**

- ထပ်ဆောင်း ခွဲခြားစိတ်ဖြာခြင်းကို ဖွင့်ရန် သင်ရွေးချယ်ထားပါက အက်ပ်စ်ကို ပိုမိုကောင်းမွန်စေရန် ကူညီနိုင်သည့် အကန့်အသတ်ရှိသော အချက်အလက်များကို ပြည်သူ့ကျန်းမာရေးဌာနများနှင့် ဖလှယ်ပါလိမ့်မည်။
- ၎င်းအချက်အလက်များတွင် အက်ပ်စ်ကို အသုံးပြုသည့်ပုံစံအကြောင်း စာရင်းအင်းများ ပါဝင်ပါသည်။ သင်ဘယ်သူဘယ်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များ မပါဝင်ပါ။
- အက်ပ်စ်အတွင်းရှိ ခွဲခြမ်းစိတ်ဖြာခြင်းကို ပိတ်ထားခြင်းဖြင့် ၎င်းအချက်အလက်များကို မဖလှယ်နိုင်စေရန် ပြုလုပ်ထားနိုင်ပါသည်။
- ဒီဇိုင်းအားဖြင့် WA Notify သည် သင့်စမတ်ဖုန်းထံမှ မည်သည့် တည်နေရာအချက်အလက် နှင့် သင် သို့မဟုတ် သင့်စမတ်ဖုန်းကို ကျပန်းကုဒ် သို့မဟုတ် အတည်ပြုကုဒ်များနှင့် ချိတ်ဆက်ထားသည့် မည်သည့်အချက်အလက်ကိုမျှ စုဆောင်း ဖလှယ်လိမ့်မည်မဟုတ်ပါ။

## သင့်အချက်အလက်ကို မည်သည့်အချိန်တွင် ဖလှယ်မည်နည်း။

သင်အနေဖြင့် အတည်ပြုချက်လင့်ခ်ကို ရိုက်ထည့်ရန် မရွေးချယ်မချင်း ကျွန်ုပ်တို့အနေဖြင့် အချက်အလက်များကို တမင်တကာ ကောက်ယူခြင်း နှင့် မည်သူနှင့်မျှ မျှခြင်းများကို ပြုလုပ်လိမ့်မည်မဟုတ်ပါ။ ယင်းသို့ပြုလုပ်ရန် သင်ရွေးချယ်ခဲ့ပါက WA Notify က သင့်စမတ်ဖုန်းနှင့် အနီးအနားတွင် ရှိခဲ့သော စမတ်ဖုန်းများနှင့် ဖလှယ်ခဲ့သော သင့် ကျပန်းကုဒ်များကို ဖလှယ်လိမ့်မည် ဖြစ်ပါသည်။ သင့်စမတ်ဖုန်းကို ဝင်မသုံးနိုင်ဘဲ အတည်ပြုချက်လင့်ခ်ကို တစ်ယောက်ယောက်က သင်ဖြစ်ကြောင်းပြန်လည်ချိတ်ဆက်နိုင်လိမ့်မည် မဟုတ်ပါ။

## သင့်အချက်အလက်များကို ကျွန်ုပ်တို့ ဘယ်လိုကာကွယ်ပေးထားသလဲ။

WA Notify သည် ကုဒ်ဖွဲ့ခြင်း နှင့် လွှဲပြောင်းခြင်း နည်းများအကြောင်း အသေးစိတ်များပါဝင်သည့် Google နှင့် Apple တို့၏ Exposure Notification Framework (ထိတွေ့မိမှု အကြောင်းကြားခြင်း မူဘောင်) ကိုသုံးပြီး ကျပန်းကုဒ်များကို ကာကွယ်ပေးထားပါသည်။ WA Notify သည် သင့် ကျပန်းကုဒ်များကို မသိမ်းဆည်းထားပါ သို့မဟုတ် မဖန်တီးပါ - သင့်စမတ်ဖုန်းကသာ ၎င်းတို့ကို လုပ်ဆောင်ပါသည်။

## သင့်အချက်အလက်နှင့်ပတ်သက်သည့် သင့်အခွင့်အရေး

သင့်စမတ်ဖုန်းမရှိဘဲ စာရင်းများသုံးပြီး အတည်ပြုချက် လင့်ခ် သို့မဟုတ် အက်ပ်စ်ကို ချည်နှောင်မထားသဖြင့် သင်တောင်းဆိုလာလျှင်လည်း ယင်းတို့ကို ထုတ်ပေးနိုင်ရန် သို့မဟုတ် ဖျက်ပစ်ပေးနိုင်ရန် နည်းမရှိပါ။ WA Notify အား အသုံးပြုမှုကို သင်ကသာ ထိန်းချုပ်နိုင်ပါသည်။ ထိတွေ့မှုအကြောင်းကြားစာ ကို ပိတ်ထားခြင်း၊ သင့်စမတ်ဖုန်းထဲမှ သိမ်းဆည်းထားသော ထိတွေ့မှုစာရင်းကို ဖျက်ပစ်ခြင်း တို့ကို မည်သည့်အချိန်တွင်မဆို သင်စမတ်ဖုန်းမှပင် လုပ်ဆောင်နိုင်ပါသည်။ ထို့အပြင် WA Notify ကို အချိန်မရွေး ဖြုတ်ချလို့လည်းရပါသည်။ ဖြုတ်ချလိုက်ပါက ကျပန်းကုဒ်အားလုံး ပျက်သွားလိမ့်မည် ဖြစ်ပါသည်။